# အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ မူဝါဒစာတမ်း

JCC-CDM က ရေးသားပြုစုထားသော နိုင်ငံ့ဝန်ထမ်း CDM မူဝါဒစာတမ်းကို
အများပြည်သူလေ့လာနိုင်စေရန်အတွက် ထုတ်ပြန်အပ်ပါသည်။

# အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ မူဝါဒစာတမ်း

နိဒါန်း

**အပိုင်း (၁)**

**မူဝါဒ၏ အကျိုးသက်ရောက်မှု၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်နှင့် CDM နိုင်ငံ့ဝန်ထမ်းကောင်းများ**


အခန်း ၁။ အကျိုးသက်ရောက်မှု၊ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ရည်ရွယ်ချက်

အခန်း ၂။ CDM နိုင်ငံ့ဝန်ထမ်းများ


**အပိုင်း (၂)**

**CDM နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် မူဝါဒများ**


အခန်း ၃။ CDM နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ပြန်လည်ရှာဖွေဖော်ထုတ်ခြင်း

အခန်း ၄။ Non-CDM နိုင်ငံ့ဝန်ထမ်းများကို အရေးယူခြင်း


**အပိုင်း (၃)**

**အထွေထွေ**


အခန်း ၅။ အထွေထွေ

**အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ မူဝါဒစာတမ်း**

**နိဒါန်း**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အကြမ်းဖက် စစ်အုပ်စုက မတရားသဖြင့် အဓမ္မသိမ်းယူခဲ့သည်။ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် အကြမ်းဖက် စစ်အုပ်စု၏ အမိန့်အာဏာကိုဆန့်ကျင်သည့်အနေဖြင့် မန္တလေးမြို့၊ ကုတင် (၃၀၀) ကလေးဆေးရုံမှ လက်ထောက်ဆရာဝန်များ ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက အကြမ်းဖက်စစ်အုပ်စု လက်အောက်တွင် လုံးဝအလုပ် လုပ်ကိုင်မည်မဟုတ်ကြောင်း ကမ္ဘာသိ ကြေညာချက် ထုတ်ပြန်ကာ အကြမ်းမဖက် ငြိမ်းချမ်းစွာဆန္ဒပြမှု (Civil Disobedient Movement) ကို စတင်ခဲ့သည်။ ၎င်းလှုပ်ရှားမှု အစသည် တစ်နိုင်ငံလုံးရှိ အစိုးရဝန်ထမ်းများကို လှုပ်နိုးနိုင်ခဲ့ပြီး တက်ကြွအမြင်ကျယ်သော လူငယ် လူထုသပိတ်များ၏ ကြွေးကြော်စည်းရုံးမှုများမှတဆင့် ကျယ်ပြန့် ခိုင်မာလာကာ သမိုင်းဝင် နွေဦးတော်လှန်ရေး၏ အရေးပါသော လှုပ်ရှားမှုကြီးအဖြစ် ကမ္ဘာက အသိအမှတ်ပြုရသည့် အဆင့်ကို ရောက်ရှိခဲ့သည်။

CDM လှုပ်ရှားမှုသည် တစ်နိုင်ငံလုံးအထိကျယ်ပြန့်လာပြီး အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်မှု ယန္တယား လည်ပတ်ရေးကို လုံးဝတားဆီးဟန့်တားနိုင်သည်အထိ တိုးတက်အောင်မြင်လာရာ အကြမ်းဖက်စစ်အုပ်စုသည် CDM လှုပ်ရှားမှုတွင်ပါဝင်သည့်ဝန်ထမ်းများကို အမျိုးမျိုး ဖိနှိပ်ချုပ်ချယ် ခြင်း၊ မတရားပုဒ်မများ တတ်ကာ ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း မည်မျှပင်ဖိနှိပ်ချုပ်ချယ် ဖမ်းဆီးခံနေရသည်ဖြစ်စေ အခက်အခဲဟူသမျှကိုကြံ့ကြံ့ခံပြီး စစ်ကောင်စီကို အကြမ်းမဖက် အာဏာဖီဆန်ခဲ့ကြသော CDM များသည် တော်လှန်ရေး အစောပိုင်းကာလတွင် စစ်အာဏာရှင်များကို အမြစ်ပြတ် ချေမှုန်းရေးဟူသည့် ရည်ရွယ်ချက်မှသည် နောင်တွင် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံသစ် တည်ဆောက်ရေးအထိ နိုင်ငံရေးရည်မှန်းချက်များ ကိုင်စွဲကာ ဆက်လက် တော်လှန်ခဲ့ကြသည်။

နွေဦးတော်လှန်ရေးကြီးသည် CDM လှုပ်ရှားမှုကစတင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖက်တွင် အထူး အရေးပါသော တော်လှန်ရေးတပ်ဦးဖြစ်သည်နှင့်အညီ အခြားတစ်ဖက်တွင် ၎င်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသူတို့၏ ပေးဆပ်မှုသည် အလွန်ကြီးမားခဲ့သည်။ မိမိတို့၏ မိသားစုဘဝ၊ လုံခြုံမှု၊ အလုပ်အကိုင်၊ ဘဝအာမခံချက်များ၊ အသက်နှင့် ခန္ဓာကိုယ်ကို နွေဦးတော်လှန်ရေး အတွက် စတေးထားရသူများ ဖြစ်သည်။ ထိုသို့ပေးဆပ်မှုလမ်းကြောင်းကို ရွေးချယ်ရာတွင် မည်သူတစ်ဦး တစ်ယောက်ထံမှ ဖိအားပေးအကြပ်ကိုင်ခြင်းကြောင့် မဟုတ်ဘဲ မိမိတို့နိုင်ငံနှင့် ပြည်သူလူထု တစ်ရပ်လုံးအတွက် တရားမျှတမှုကို ပြန်လည်ရယူပေးလိုသည့် စိတ်ဓါတ်ဖြင့် မိမိတို့ ကိုယ်တိုင်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ဘဝနှင့်အတ္တကို စွန့်လွှတ်အနစ်နာခံ၍ လူအများအတွက်ရည်ရွယ်ပြီး အခက်အခဲ အမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်ကာ အကြမ်းဖက်စစ်အုပ်စုကို စဉ်ဆက်မပြတ် တော်လှန်နေကြသော CDM များ၏ စိတ်ဓါတ်သည် အထူးမွန်မြတ်ပြီး ဂုဏ်ယူစရာအတိ ဖြစ်ကာ နွေဦးတော်လှန်ရေး၏ အဓိက မောင်းနှင်အား ဖြစ်ခဲ့သည်။ ထိုသို့ အကြမ်းမဖက် အာဏာဖီဆန်ခဲ့ကြသည့် နိုင်ငံဝန်ထမ်းကောင်းများ၏

တော်လှန်ရေးအတွက် အရေးပါမှုနှင့် စွန့်လွှတ် စွန့်စားမှုများကို အသိအမှတ်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ တရားမျှတမှု ရှာဖွေဖော်ထုတ်ပေးခြင်း၊ ပြန်လည်ကုစားပေးခြင်းနှင့်အတူ ဂုဏ်ပြုချီးမြှောက်နိုင်ရေးအတွက် တိကျသော အစီအမံများကို ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု၏ ဆန္ဒနှင့် ဆန့်ကျင်လျက် အကြမ်းဖက်စစ်အုပ်စု အလိုကျ ဆောင်ရွက်လျက်ရှိသည့် Non-CDM နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ အပြစ်ပေးနိုင်ရန် ဤမူဝါဒကို ရေးဆွဲရခြင်း ဖြစ်သည်။

## အပိုင်း (၁)
## မူဝါဒ၏ အကျိုးသက်ရောက်မှု၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်နှင့် CDM နိုင်ငံ့ဝန်ထမ်းကောင်းများ

### အခန်း (၁)
### အကျိုးသက်ရောက်မှု၊ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ရည်ရွယ်ချက်

၁။ **အကျိုးသက်ရောက်မှု**

(က) ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် အကြမ်းဖက် စစ်အုပ်စုသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အကြမ်းဖက်ကာ မတရားသဖြင့် သိမ်းယူခဲ့ချိန်မှစပြီး ငြိမ်းချမ်းစွာ အာဏာ ဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedient Movement-CDM)တွင် တက်ကြွစွာ ကြံ့ကြံ့ခံပါဝင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအား တော်လှန်ရေးကြားကာလ၊ အသွင်ကူးပြောင်းရေး ကာလနှင့် တော်လှန်ရေး အလွန်ကာလတို့တွင် ထိုက်သင့်မှန်ကန်စွာ အသိအမှတ်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမှန်တရားနှင့် တရားမျှတမှုရှာဖွေဖော်ထုတ်ပေးခြင်း၊ ပြန်လည်ကုစားပေးခြင်း၊ ကာကွယ်စောင့် ရှောက်မှုများ ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ရာတွင် ဤမူဝါဒအတိုင်း ဆောင်ရွက်ပေး ရမည်။ (

(ခ) ထို့အတူ ပြည်သူလူထု၏ ဆန္ဒနှင့် ဆန့်ကျင်လျက် အကြမ်းဖက် စစ်အုပ်စု၏အလိုကျ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်း (Non-Civil Disobedient Movement- Non-CDM) များအား တော်လှန်ရေးကြား ကာလ၊ အသွင်ကူးပြောင်းရေး ကာလနှင့် တော်လှန်ရေးအလွန် ကာလတို့တွင် လူမှုရေးနောင်ကြဉ်မှုနှင့်အတူ ထိုက်သင့်သောပြစ်ဒဏ်ပေးခြင်းနှင့် ခံစားပိုင်ခွင့်များ ရုတ်သိမ်းခြင်းတို့ကို ဤမူဝါဒအတိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) ဤမူဝါဒသည် အမျိုးသား ညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ဆောင်ရွက် နေသည့် အချိန်အခါတွင်သော်လည်း ကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ၏ အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီး အုပ်ချုပ်ရေး ယန္တရားများ ကောင်းမွန်စွာ လည်ပတ် လာနိုင်သည့် အချိန်အခါတွင် သော်လည်းကောင်း အကျိုးသက်ရောက်မှု ရှိသည်။

၂။ **အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်များ**

ဤမူဝါဒတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု-CDM** ဆိုသည်မှာ အဓမ္မအာဏာသိမ်း အကြမ်းဖက်စစ်အုပ်စု၏ မတရားသော ဥပဒေနှင့် အမိန့်အာဏာများကို အန်တုဖီဆန်ခြင်းမှသည် ၎င်းတို့၏ အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး ရပ်တန့်ကျဆုံးသွားပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နိုင်သည်အထိ အထောက်အပံ့ကောင်း များရရှိရန် မိမိတို့ တတ်နိုင်သည့်နည်းလမ်းများဖြင့် ငြိမ်းချမ်းစွာ တော်လှန်၊ အကြမ်းမဖက် အာဏာ ဖီဆန်နေကြသော ပြည်သူလူထု၏ နိုင်ငံရေး လှုပ်ရှားမှုကို ဆိုသည်။

(ခ) **CDM-ပြည်သူ့သားကောင်းအကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူများ** ဆိုသည်မှာ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM ဆောင်ရွက်ခဲ့သည် နိုင်ငံ့ဝန်ထမ်းများ ၊ ပြည်သူ့ဝန်ထမ်းများ၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ပုဂ္ဂလိက ဝန်ထမ်းများ အပါအဝင် စစ်ကောင်စီ၏ မည်သည့်လုပ်ငန်းကိုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းမပြုပဲ အာဏာဖီဆန်ခဲ့ကြသည့်ပြည်သူလူထုကို ဆိုသည်။

(ဂ) **CDM-ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေများအရ ပြည်သူ့ဝန်ထမ်း အဖြစ် ခန့်အပ် သတ်မှတ်ခြင်းခံထားပြီး အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM ဆောင်ရွက်ခဲ့သူများကို ဆိုသည်။

(ဃ) **CDM-နိုင်ငံ့ဝန်ထမ်း** ဆိုသည်မှာ အမှန်တရားအတွက် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် မိမိတို့၏ အလုပ်၊ မိမိနှင့်မိသားစု၏ ဘဝအာမခံချက်၊ ရှင်သန်နေထိုင်ရေးနှင့် လုံခြုံရေးတို့ကို စွန့်လွှတ် အနစ်နာခံကာ ရဲရဲဝံ့ဝံ့ ပါဝင်ဆောင်ရွက် ခဲ့ကြသော နိုင်ငံဝန်ထမ်းများကို ဆိုလိုသည်။

(င) **တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် CDM နိုင်ငံ့ဝန်ထမ်းများ** ဆိုသည်မှာ CDM လှုပ်ရှားမှုတွင် ပါဝင်သော တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များကို ဆိုသည်။

(စ) **CDM-ကျောင်းသားများ** ဆိုသည်မှာ အကြမ်းဖက်စစ်အုပ်စု၏ စစ်ကျွန်ပညာရေး ယန္တရားတွင် ပညာသင်ကြားခြင်းမပြုပဲ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု - CDM တွင် ပါဝင်ဆောင်ရွက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆိုလိုသည်။

(ဆ) **CDM-ပုဂ္ဂလိကဝန်ထမ်းများ** ဆိုသည်မှာ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် CDM ပုဂ္ဂလိက ဝန်ထမ်းများကို ဆိုသည်။

(ဇ) **အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်သူများ** ဆိုသည်မှာ အကြမ်းဖက်စစ်အုပ်စု၏ မည်သည့်လုပ်ငန်းကိုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမပြုပဲ အာဏာဖီဆန်ခဲ့ကြသူ များ ကို ဆိုလိုသည်။

(ဈ) **Non-CDM ဝန်ထမ်းများ** ဆိုသည်မှာ CDM ဆောင်ရွက်ခဲ့ခြင်း မရှိသည့် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ဆိုသည်။ အဆိုပါ စကားရပ်တွင် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် Non-CDM နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်သည်။

၃။ **ရည်ရွယ်ချက်**

ဤမူဝါဒ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) CDM နိုင်ငံ့ဝန်ထမ်းများကို ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးတိုးမြှင့်ပေးနိုင်ရန် နှင့် ဂုဏ်ပြုချီးမြှင့်မှုများ ဆောင်ရွက်နိုင်ရန်။

(ခ) CDM နိုင်ငံ့ဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ အကူအညီနှင့် အခြားအကူအညီများ ရယူပြီး အမျိုးသားညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ထိရောက်စွာ ဖော်ဆောင်ရန် နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် တရပ်ဖော်ဆောင်ရန်။

(ဂ) လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသော CDM နိုင်ငံ့ဝန်ထမ်းများ၏ နစ်နာချက်များကို အသွင်ကူးပြောင်းရေးကာလမှ စတင်ကာ အမှန်တရားနှင့် တရားမျှတမှုများ ရှာဖွေပြီး ပြန်လည် ကုစားပေးနိုင်ရန်။

(ဃ) ဟောင်းနွမ်းပျက်စီးနေသော အစိုးရယန္တရားနေရာတွင် ဂုဏ်သိက္ခာရှိပြီး တရားမျှတမှုကို တန်ဖိုးထားသော နိုင်ငံ့ဝန်ထမ်းစနစ်သစ်ကို အထောက်အကူ ဖြစ်စေရန်။

(င) နိုင်ငံသစ်တည်ဆောက်ရာတွင် အထူးလိုအပ်လာမည့် နိုင်ငံ့ဝန်ထမ်း လူသားအရင်းအမြစ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း စွမ်းရည်များ တိုးတက်ခိုင်မာလာစေရန်နှင့် CDM နိုင်ငံ့ဝန်ထမ်းများ၏ မြင့်မြတ်သော ခံယူချက်နှင့်စိတ်ဓါတ်များကို ဆက်လက် သယ်ဆောင်လာစေရန်။

(စ) Non-CDM နိုင်ငံ့ ဝန်ထမ်းများကို ဥပဒေနှင့်အညီ စိစစ်ပြီး သင့်လျော်သောအရေးယူမှုများ ချမှတ် နိုင်ရန်။

## အခန်း (၂)
## CDM နိုင်ငံ့ဝန်ထမ်းများ

၄။ အောက်ပါပုဂ္ဂိုလ်များကို CDM နိုင်ငံ့ဝန်ထမ်းများအဖြစ် အသိအမှတ်ပြု သတ်မှတ်သည်-

(က) CDM နိုင်ငံ့ဝန်ထမ်းများ၊

(ခ) CDM ပြည်သူ့ဝန်ထမ်းများ၊

(ဂ) တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် CDM နိုင်ငံ့ဝန်ထမ်းများ၊

## အပိုင်း (၂)
## CDM နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် မူဝါဒများ

## အခန်း (၃)
## CDM နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ပြန်လည်ရှာဖွေဖော်ထုတ်ခြင်း

၅။ CDM နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ပြန်လည်ရှာဖွေဖော်ထုတ်ခြင်းတွင် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်း၊ အမှန်တရားနှင့် တရားမျှတမှု ရှာဖွေခြင်း၊ နစ်နာမှုများကို ပြန်လည်ကုစား ပေးခြင်းတို့ ပါဝင်သည်။

**(က) CDM နိုင်ငံ့ဝန်ထမ်းများကို အသိအမှတ်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်း**

(၁) CDM နိုင်ငံ့ဝန်ထမ်းများ၏ မြင့်မြတ်သောစိတ်ထားနှင့် မတရားမှုကို ဆန့်ကျင်တော်လှန်ဆောင်ရွက်မှုများအတွက် စွန့်လွှတ်စွန့်စားဝံ့သူများအဖြစ် အသိအမှတ်ပြု ပါသည်။

(၂) CDM နိုင်ငံ့ဝန်ထမ်းများသည် နွေဦးတော်လှန်ရေးအား အစကောင်းစေခဲ့သူများဖြစ်ပြီး တော်လှန်ရေး မျက်နှာစာအသီးသီးကို ကောင်းမွန်ထိရောက်စွာ အထောက်အပံ့ ဖြစ်စေခဲ့ ကြောင်း အသိအမှတ်ပြုပါသည်။

(၃) နွေဦးတော်လှန်ရေးတွင် အဆုံးထိကြွကြွခံပါဝင်ရန် သန္နိဋ္ဌာန်ချထားသည့် CDM နိုင်ငံ့ဝန်ထမ်းများ၏ တော်လှန်ရေး ခံယူချက်ကို အထူးလေးစားဂုဏ်ယူလျက် အသိအမှတ် ပြုပါသည်။

(၄) နွေဦးတော်လှန်ရေး၏ ကဏ္ဍအသီးသီးတွင် ထပ်မံတာဝန်ယူခဲ့ကြသော CDM နိုင်ငံ့ဝန်ထမ်းများ၊ တော်လှန်ရေးတွင် မိမိတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် အသက်ကို ပေးဆပ်ခဲ့ရသည့် CDM နိုင်ငံ့ဝန်ထမ်းများနှင့် အကျဉ်းကျခံခဲ့ရသည့် CDM နိုင်ငံ့ဝန်ထမ်းများအား အထူးဂုဏ်ပြုထိုက်သူများအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင် အပ်ပါသည်။

**(ခ) CDM နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ခြင်း**

CDM နိုင်ငံ့ဝန်ထမ်းများကို တော်လှန်ရေးတွင် ၎င်းတို့၏ ပေးဆပ်မှု၊ ပါဝင်ခဲ့မှုများအပေါ် မူတည်ပြီး နိုင်ငံတော်အဆင့်၊ သက်ဆိုင်ရာဖက်ဒရယ်ယူနစ်အလိုက်၊ သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုပေးခြင်းများ ပြုလုပ်ဆောင်ရွက်မည်။

**(ဂ) အမှန်တရားနှင့် တရားမျှတမှု ရှာဖွေခြင်း**

(၁) တရားစွဲဆိုခြင်း ခံထားရသည့် နိုင်ငံရေးအမှုများကို ခြွင်းချက်မရှိ ရုပ်သိမ်းပေးရမည်။

(၂) CDM နိုင်ငံ့ဝန်ထမ်းများအပေါ် မတရား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ အမှန်တရားဖော်ထုတ်ပေးပြီး အမှန်တရားကို သိရှိခွင့်ရအောင် ဆောင်ရွက်ရမည်။ ထိုသို့ အမှန်တရား ဖော်ထုတ်ပေးခြင်းတွင် -

- အမှန်တရားနှင့် တရားမျှတမှုရှာဖွေရေးကော်မရှင်ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးခြင်း
- လူ့အခွင့်အရေးချိုးဖေါက်မှုများအား မှတ်တမ်းတင်ခြင်း
- လူ့အခွင့်အရေးချိုးဖောက်မှုများကို အများသိအောင်လှုံ့ဆော်ခြင်း
- တစ်ဦးချင်း သို့မဟုတ် အများပြည်သူတို့ကို ကြားနာခွင့်ပေးခြင်း
- တော်လှန်ရေးကာလ အဖြစ်အပျက်များကို အသိအမှတ်ပြုခြင်း တို့ပါဝင်သည်။

(၃) CDM နိုင်ငံ့ဝန်ထမ်းများအပေါ် မတရား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ တရားမျှတမှုရှိရန် ဆောင်ရွက်ပေးရမည်။ ထိုတရားမျှတမှုရှိရန် ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်။

- နစ်နာသူများကို တရားမျှတမှုအခွင့်အရေးပေးခြင်း
- ကျူးလွန်သူများကို ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်း
- အပြစ်ကျူးလွန်ကြောင်းထင်ရှားသူကို အပြစ်ပေးခြင်း
- တာဝန်ခံမှု ယဉ်ကျေးမှု အားကောင်းစေရန် ကျူးလွန်သူများကို လူသိရှင်ကြား ဝန်ချတောင်းပန်စေခြင်း

**(ဃ) နစ်နာမှုများကို ပြန်လည်ကုစားခြင်း**

စစ်အကြမ်းဖက်အုပ်စု မှ နိုင်ငံ့ဝန်ထမ်း CDM များအပေါ် ချမှတ်ထားသော ပြစ်မှုပြစ်ဒဏ်အားလုံးသည် ဤမူဝါဒ အတည်ပြုလိုက်သည်နှင့် တပြိုင်နက် အလိုအလျောက် ပျက်ပြယ်စေရမည်။

(၁) မူလအခြေအနေသို့ ပြန်လည်ရရှိရန် နစ်နာမှုများကို ထိရောက်စွာ ပြန်လည်ကုစားပေးခြင်း၊[၁]

(၂) နိုင်ငံတော်အစိုးရသည် CDM နိုင်ငံဝန်ထမ်းများအား မူလတာဝန်များတွင် ပြန်လည်ခန့်အပ် တာဝန်ပေးခြင်းနှင့် ထုတ်ယူခဲ့ခြင်းမရှိသော လစာများ၊ ချီးမြှင့်ငွေနှင့် အခြား ခံစားခွင့်များကို ပြန်လည်ထုတ်ပေးခြင်း

(၃) လူနေအိမ်၊ တိုက်ခန်း၊ မြေယာနှင့် အခြားပိုင်ဆိုင်မှုများအား ပြန်လည်ပေးအပ်ခြင်းနှင့်အတူ ပိုင်ဆိုင်မှုမရှိသူများအား မျှဝေပေးခြင်း၊

(၄) ရာထူး တိုးမြှင့်ပေးခြင်း၊

- ရာထူးတိုး ဦးစားပေး စာရင်းတွင် ထည့်သွင်းပေးခြင်း၊
- ရာထူးတိုး စာမေးပွဲများကို သင့်တော်သလို ဖြေဆိုခွင့်ပေးခြင်း၊
- ရာထူးတိုးမြှင့်ခန့်ထားရေးမူများကို CDM ဝန်ထမ်းများအပေါ် ဖြေလျော့ပေးခြင်း၊

(၅) CDM ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း၊

(၆) နစ်နာခဲ့ရသော CDM ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အထူးဦးစားပေး အစီအစဉ်များဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း၊

မှတ်ချက်။ ။ နစ်နာခဲ့ရသော CDM ဝန်ထမ်းများဟူသည်မှာ အသက်ဆုံးရှုံးခဲ့ရသူများ၊ ကိုယ်အင်္ဂါချို့ယွင်းခဲ့ရသူများ၊ အကျဉ်းကျခံခဲ့ရသူများ၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း

---

[၁] နစ်နာဆုံးရှုံးမှုများအတွက် လွတ်လပ်ပြီး သမာသမတ်ကျကျ စုံစမ်းဖော်ထုတ်နိုင်သည့် ပြည်သူ့တရားစီရင်ရေးကို ကျင့်သုံးလျက် ထိရောက်စွာ ပြန်လည်ကုစားပေးခြင်း။

နှိပ်စက်ခံခဲ့ရသူများနှင့် နည်းလမ်းတစ်မျိုးမျိုးဖြင့် နစ်နာခဲ့ကြသည့် CDM နိုင်ငံ့ဝန်ထမ်းများ ကို ဆိုလိုသည်။

(၇) တော်လှန်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ နှင့် မတရားဖိနှိပ်ခံရသူ CDM နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာ ဌာနများတွင် သင့်တော်သော ရာထူးတိုးမြှင့် ခန့်ထားခြင်း၊ အထူးဂုဏ်ပြုချီးမြှင့်ခြင်း၊

(၈) နိုင်ငံတော်အစိုးရသည် CDM ပြုလုပ်နေသည့် အချိန်အတွင်း ပင်စင်သက်တမ်း ရောက်ရှိသည့် CDM နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်နည်းလမ်းများနှင့်အညီ စိစစ်ပြီးနောက် နစ်နာမှုများအား ပြန်လည်ဖြည့်ဆည်းပေးခြင်း

(၉) အမှတ်သင်္ကေတများဖြင့် ပြန်လည်ကုစားပေးခြင်းများ ဆောင်ရွက်ပေးရမည်။

၎င်းတို့မှာ -

- CDM အလံသတ်မှတ်ပေးပြီး ရုံးဌာနများတွင်လွှင့်ထူခြင်း
- ဒေသအမည်၊ လမ်းနာမည်များအဖြစ် ဂုဏ်ပြုခေါ်ဝေါ်ခြင်း
- အများပြည်သူဆိုင်ရာအားလပ်ရက်သတ်မှတ်ခြင်း
- ပြတိုက် သို့မဟုတ် ရုပ်ထု တည်ဆောက်ပေးခြင်း
- သမိုင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပေးခြင်း
- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် CDM နှင့်ပါတ်သက်သည့် ကတိကဝတ်ထည့်သွင်းပေးခြင်း တို့ ဖြစ်ပါသည်။

## အခန်း (၄)
## Non-CDM နိုင်ငံ့ဝန်ထမ်းများကို အရေးယူခြင်း

၆။ နိုင်ငံတော်အစိုးရ[၂]သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း CDM ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းများကို သင့်တော်သည့် အကြောင်းပြချက် ခိုင်လုံမှု မရှိပါက Non-CDM အဖြစ် သတ်မှတ်ရမည်။ ဌာနတွင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကာ၊ အပြစ်ထင်ရှားပါက သက်ဆိုင်ရာ နည်းဥပဒေများအရ အရေးယူ အပြစ်ပေးခြင်းခံရမည်။

၇။ နိုင်ငံတော်အစိုးရသည် Non-CDM ဝန်ထမ်းတစ်ဦးချင်းအလိုက် ၎င်းတို့၏ ပြုမှုဆောင်ရွက်ချက်များအပေါ် မူတည်၍ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခြင်းနှင့် ပြစ်မှုဆိုင်ရာ အရေးယူ အပြစ်ပေးခြင်းများ ဆောင်ရွက်ရမည်။

၈။ နိုင်ငံတော်အစိုးရသည် CDM မှ Non-CDM ပြောင်းလဲသွားသည့် အရာထမ်း၊ အမှုထမ်းများကို Non-CDM များ အဖြစ် သတ်မှတ်ပြီး ထိုက်သင့်သည့် အရေးယူမှုများ ဆောင်ရွက်ရမည်။

၉။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် အာဏာသိမ်းကာလအတွင်း ကျူးလွန်ခဲ့သော အဂတိလိုက်စားမှုများ၊ လာဘ်ပေး လာဘ်ယူမှုများကို ပြန်လည်ဖော်ထုတ်စစ်ဆေး၍ အရေးယူဆောင်ရွက်ရမည်။

[၂] "နိုင်ငံတော်အစိုးရ" အသုံးအနှုန်းအစား "နိုင်ငံတော်အဆင့်၊ သက်ဆိုင်ရာဖက်ဒရယ်ယူနစ်အလိုက်၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်" အသုံးအနှုန်းကို အသုံးပြုသင့်ကြောင်း ကော်မတီအတွင်း ဆွေးနွေးခဲ့သည်။

၁၀။ နိုင်ငံတော်အစိုးရသည် စစ်တပ်ဘက်မှ အရပ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းများသို့ ရွှေ့ပြောင်းခဲ့သည့် တပ်မတော်သားများကို တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင် Non-CDM နိုင်ငံ့ဝန်ထမ်းအဖြစ် သတ်မှတ်ပြီး ထိရောက်ဟန့်တားသည့် အရေးယူမှုများ ချမှတ် ဆောင်ရွက်ရမည်။

၁၁။ နိုင်ငံတော်အစိုးရသည် Non-CDM နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများနှင့်အညီ အောက်ပါအတိုင်း ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခြင်းများ ဆောင်ရွက်သွားမည်-

(က) ဒုတိယညွှန်ကြားရေးမှူးအဆင့်နှင့်အထက် အရာရှိများကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း နှင့် အမည်ပျက်စာရင်းသွင်းခြင်း။

(ခ) လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့်အောက် အရာထမ်းများ၊ အမှုထမ်းများအား ရာထူးမှ ထုတ်ပယ်ခြင်း။ အယူခံဝင်၍ အလုပ်ပြန်လည်ဝင်ရောက်လိုပါက လုပ်သက်အားလုံးကို ပယ်ဖျက်ပြီး ပြန်လည်လျှောက်ထားစေခြင်း။

(ဂ) အယူခံဝင်၍ အလုပ်ပြန်လည်ဝင်ရောက်သူများအားလုံးကို ပညာတော်သင်အပါအဝင် ရာထူးတိုးသင်တန်း တက်ရောက်ခြင်းအား (၃)နှစ်ပိတ်ထားခြင်း။

မှတ်ချက်။ ။ "(၃) နှစ်" အစား "နှစ်အကန့်အသတ်ဖြင့်" ဟု ထားရှိရန် WAC-M မှ သဘောထားပေးပါသည်။ နောင်နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် ကဏ္ဍအသီးသီး အလိုက် ဦးဆောင်စီမံရမည့် ဌာန-ဒေသအလိုက် စဉ်းစားဆုံးဖြတ်ခွင့် ပေးနိုင်စေရန် ဖြစ်ပါသည်။

(ဃ) စစ်အာဏာရှင်၏ ထောက်တိုင်အဖြစ် ပါဝင်မှု အဆင့်အလိုက် ပြည်ပထွက်ခွင့်ကို နှစ်အကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း။

(င) အကြမ်းဖက် အာဏာသိမ်းကာလအတွင်း ရယူထားသော ပုံမှန်ခံစားခွင့်နှင့် အထူးခံစားခွင့်များ (နိုင်ငံခြား ပညာတော်သင်များအပါအဝင်) ကို ပြန်လည် ပေးအပ်စေခြင်း၊

(စ) ဝန်ထမ်းကျင့်ဝတ် ပျက်ယွင်းကြောင်း နိုင်ငံ့ဝန်ထမ်းလုပ်သက်ဆိုင်ရာ မှတ်တမ်း စာအုပ်တွင် ထည့်သွင်းခြင်း၊

(ဆ) ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များကို အသိအမှတ်မပြုခြင်း နှင့် ပြန်လည်သိမ်းယူခြင်း၊

၁၂။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် စစ်အုပ်စု၏ မတရားအာဏာသိမ်းကာလအတွင်း နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်း အဖြစ် ခန့်အပ်ခဲ့သည့် ဝန်ထမ်းများကို တရားမဝင် ခန့်အပ်ခြင်းဖြစ်ကြောင်း ကြေညာပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ရမည်။

၁၃။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် စစ်အုပ်စု၏ မတရားအာဏာသိမ်းကာလအတွင်း Non-CDM နိုင်ငံ့ဝန်ထမ်းများအပေါ် ရာထူးတိုးမြှင့်ခြင်းများကို တရားမဝင်ကြောင်း အတိအလင်း သတ်မှတ်သည်။

၁၄။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် စစ်အုပ်စု၏ မတရားအာဏာသိမ်းကာလတွင်း ကျင်းပသော ပြည်တွင်းစာမေးပွဲများကို တရားမဝင် ပျက်ပြယ်ကြောင်း အတိအလင်း သတ်မှတ်သည်။

၁၅။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် စစ်အုပ်စုကို အာဏာဖီဆန်သည့်အနေဖြင့် မတရားအာဏာသိမ်း ကာလတွင်း ကျင်းပသည့် ပြည်တွင်း/ပြည်ပ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခြင်း မရှိဟု ခိုင်လုံသော အထောက်အထားရှိပါက သင့်တော်သည့် ပြန်လည်ကုစားမှုများ လုပ်ဆောင်ပေးရမည်။

၁၆။ Non-CDM နိုင်ငံ့ဝန်ထမ်းများသည် CDM နိုင်ငံ့ဝန်ထမ်းများ ကို ကူညီခြင်း အပါအဝင် တော်လှန်ရေးတွင် ပါဝင်ကူညီခဲ့ခြင်းများကို သက်သေအထောက်အထား အခိုင်အမာ ရှိခဲ့ပါက နိုင်ငံတော်အစိုးရသည် ၎င်းတို့၏ လုပ်ဆောင်ချက်အပေါ် မူတည်ပြီး ဆန္ဒရှိပါက ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ပြုခြင်းကို စိစစ်ဆောင်ရွက်နိုင်သည်။

၁၇။ နိုင်ငံတော်အစိုးရသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခဲ့သည့် Non-CDM နိုင်ငံ့ဝန်ထမ်းများကို ပြစ်မှုဆိုင်ရာ ဥပဒေများအရ ထိရောက်စွာ အရေးယူရမည်-

(က) CDM ဝန်ထမ်းများကို အလုပ်မှထုတ်ပယ်ခြင်း၊

(ခ) CDM ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ဖိနှိပ်ခြင်း၊

(ဂ) ပြည်သူလူထုအပေါ် ပုဒ်မအမျိုးမျိုးတပ်၍ တရားဆွဲဆိုခြင်း၊

(ဃ) အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြေညာချက်များကို မလိုက်နာခြင်း၊

(င) အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံတော်ပုန်ကန်မှုတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်စစ်အုပ်စုကို ထောက်ခံပြီး ၎င်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၁၈။ နိုင်ငံတော်အစိုးရသည် အကြမ်းဖက် အာဏာသိမ်းကာလတွင်း ပင်စင်ယူသူများ၏ ပင်စင်ခံစားခွင့်များကို ဆက်လက်ခံစားခွင့်ပြုခြင်း၊ မပြုခြင်းအပေါ် စိစစ်ခြင်းများ ဆောင်ရွက်ရမည်။

၁၉။ ဤအခန်း (၄) ပါ မူဝါဒများသည် Non CDM နိုင်ငံ့ဝန်ထမ်းများ အားလုံးနှင့် သက်ဆိုင်စေရမည်။

## အပိုင်း (၃)
## အထွေထွေ

## အခန်း (၅)
## အထွေထွေ

၂၀။ နိုင်ငံတော်အစိုးရသည် CDM နိုင်ငံ့ဝန်ထမ်းများကို အစွမ်းကုန် ကူညီစောင့်ရှောက်မှု ပေးမည်။

၂၁။ နိုင်ငံတော်အစိုးရသည် CDM နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဥ်း၍ အဓိက တာဝန်ယူဆောင်ရွက်ရမည်။

၂၂။ နိုင်ငံတော်အစိုးရသည် ခိုင်လုံ၍ သင့်လျော်မှန်ကန်သည့်/ အကြောင်းပြချက်များရှိသည်ဟု သတ်မှတ်သည့် ၂၀၂၁ ခုနှစ်၊ ဧပြီလနောက်ပိုင်း CDM ဆောင်ရွက်သည့် နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ သင့်တော်သော ကာကွယ်စောင့်ရှောက်မှုများနှင့် ဂုဏ်ပြုချီးမြှင့်မှုများ ပေးနိုင်သည်။

၂၃။ ဤမူဝါဒတွင် ပါဝင်သော စကားလုံး အသုံးအနှုန်းများကို ဖက်ဒရယ် ပြည်ထောင်စုတွင် ပေါ်ပေါက်လာမည့် ဝန်ထမ်းရေးရာ ဥပဒေပါ စကားရပ် အသုံးအနှုန်းများ ဖြင့် ပြန်လည် ပြင်ဆင်နိုင်သည်။

၂၄။ အကြမ်းဖက် စစ်အုပ်စု ၏ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုစနစ်တကျဖော်ထုတ် အရေးယူနိုင်ရန် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေရေး ကော်မရှင်ကို ဖွဲ့စည်းပြီး၊ ထိုဖွဲ့စည်းမည့် 'အမှန်တရားနှင့် တရားမျှတမှု ရှာဖွေရေးကော်မရှင်' တွင် CDM နိုင်ငံဝန်ထမ်းများနှင့်ပါတ်သက်သော ကိစ္စရပ်များကို သီးခြားအကောင်အထည်ဖော်ပေးရမည်။

၂၅။ အမှန်တရားနှင့်တရားမျှတမှုအကောင်အထည်ဖော်ဆောင်ရာတွင် အချက်အလက်မှန်များ ရရှိစေရန် ဌာနတွင်းမှစတင်ကာ ဝန်ကြီးဌာနအလိုက် သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသန္တရ အုပ်ချုပ်ရေးမှ စတင်ကာ ဖက်ဒရယ်ယူနစ်အုပ်ချုပ်ရေးအလိုက်သော်လည်းကောင်း အောက်ခြေမှအထက်သို့ အဆင့်ဆင့် လုပ်ဆောင် အကောင်အထည်ဖော်ရမည်။

၂၆။ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် (ကျူးလွန်သူများကို တရားစွဲဆိုခြင်းအပါအဝင်) လွတ်လပ်ပြီး သမာသမတ်ကျကျစုံစမ်းဖော်ထုတ်ရန်နှင့် နစ်နာသူများနှင့် မျက်မြင်သက်သေများအပေါ် ခြိမ်းခြောက်မှု ရှိသည့် တရားရေးစနစ်အား ပြင်ဆင်ပေးရမည်။

၂၇။ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်ပြီး အမှန်တရားရှာဖွေခြင်း၊ တရားမျှတမှု ဖော်ထုတ်ခြင်းနှင့် နစ်နာသူများပြန်လည်ကုစားခြင်းစသည့် လုပ်ငန်းစဉ်များတွင် အရပ်ဖက် အဖွဲ့အစည်းများ ၏ အရေးပါမှုကိုအသိအမှတ်ပြုပြီး ၎င်းတို့ပါဝင်နိုင်စေရန် အမြဲတံခါးဖွင့်ကြိုဆိုရမည်။

၂၈။ နွေဦးတော်လှန်ရေးကာလတွင် CDM လှုပ်ရှားမှုတွင်ပါဝင်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့သူ၏ မိသားစုဝင်များ၊ ဖျောက်ဖျက်ခံခဲ့ရသော မိသားစုဝင်များ၊ ခန္ဓာကိုယ်အစိတ်အပိုင်း ချို့ယွင်းသွားသူများ၊ ဒဏ်ရာရသူများသည် (တရားဥပဒေက ပေးအပ်ထားသည်နှင့်အညီ) ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိမှု၊ အိုးအိမ်၊ လူမှုဖူလုံရေးတို့အား တရားမျှတမှု၊ ထိုက်သင့်သော လေးစားမှုများနှင့်အတူ ဦးစားပေး ရပိုင်ခွင့်ရှိရမည်။

၂၉။ နိုင်ငံတော်အစိုးရအနေဖြင့် ရေတိုရေရှည်ကုစားရေးမူဝါဒများဖြင့် CDM နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးခြင်းဖြင့် တရားမျှတပြီး ဂုဏ်သိက္ခာ ရှိသော နိုင်ငံ့ဝန်ထမ်းစနစ်ကို တည်ဆောက်ရန် ရည်ရွယ်ချက်ထားရမည်။

၃၀။ ဤမူဝါဒ မပေါ်ပေါက်မီ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနများမှ အဖွဲ့အစည်းများ နှင့် CRPH ၏ Non CDM များအား အလုပ်မှထုတ်ပယ်ခြင်းနှင့် အမည်ပျက်စာရင်းသွင်းခြင်း တို့နှင့်ဆိုင်သော အမိန့်ကြေညာချက်၊ ထုတ်ပြန်ချက်များသည် အတည်ဖြစ်သည်။

၃၁။ ဤမူဝါဒအတည်ပြုပြီးပါက မူဝါဒအတိုင်းသာ အကျိုးသက်ရောက်စေရမည်။